**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

နေ့စွဲ။ ။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်

# တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) လက်မှတ်ရေးထိုးမှု (၆) နှစ်မြောက် ထုတ်ပြန်ကြေငြာချက်

ကရင်အမျိုးသားအစည်းအရုံး (KNU) သည် အစိုးရအဆက်ဆက်က မဖြေရှင်းနိုင်ခဲ့သော နှစ် (၇၀) ကျော်ကြာ နက်နဲသည့်နိုင်ငံရေးပြဿနာများကို ဖြေရှင်းရန်ရည်ရွယ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်ရေးကို မျှော်ရည်ကာ NCA လက်မှတ်ရေးထိုးပြီး တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် ကြိုးစားခဲ့သည်မှာ ယနေ့တွင် (၆) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

NCA အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တလျှောက်တွင် KNU အနေဖြင့် အကောင်အထည်ဖော်ဘက်များနှင့်အတူ စိန်ခေါ်မှုပေါင်းများစွာကို ကြံ့ကြံ့ခံကျော်လွှားကာ ၂၀၂၀ အလွန်ကာလ၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အဆင့် (၃) ဆင့် နှင့် လုပ်ငန်းစဉ် (၃) ရပ် ပါဝင်သည့် တဆင့်စီတိုးတက်မှုရယူနိုင်မည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုထူထောင်ရေး လမ်းကြောင်းကို သဘောတူ ရယူနိုင်ခဲ့ပါသည်။

သို့သော်လည်း စိတ်မချမ်းမြေ့ရစွာပင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းယူမှုက NCA အခြေခံမှုများအားလုံးအပေါ် ချိုးဖောက်မှု ဖြစ်ပေါ်စေကာ NCA အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များ အားလုံးကို လည်း ရပ်တံ့စေပြီး တပ်မတော်သည် နိုင်ငံရေးပြသနာကို အင်အားသုံးအဖြေရှာသည့် စစ်အာဏာရှင်စနစ်သို့ ပြန်လည် ရောက်ရှိသွားပါတော့သည်။

စစ်အာဏာသိမ်းယူမှု၏နောက်ဆက်တွဲအဖြစ် နိုင်ငံတဝှမ်းရှိ တိုင်းရင်းသားပြည်သူလူထုတရပ်လုံးသည် ဖိနှိပ်မှုပေါင်းများစွာဖြင့် လူမှုစီးပွားဒုက္ခပေါင်းများစွာကို ခါးစည်း ရင်ဆိုင် ခံစားနေကြရပြီး နိုင်ငံပြိုလဲပျက်ဆီးလုအနေအထားသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ KNU အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေး "မူ"အပေါ် ရပ်တည်ပါသည်။ သို့သော် ပြဿနာပြေလည်ရေးသည် ပါဝင်ပတ်သက်သည့်ဆွေးနွေးဖက်များ၏ **ရိုးသားမှုနှင့် သဘောတူညီချက်အပေါ်လိုက်နာရန်ထားရှိရမည့် သန္နိဋ္ဌာန်ခိုင်မာမှု** အပေါ် လုံးဝမူတည်နေသည်ကိုလည်း NCA အကောင်အထည်ဖော်မှုအတွေ့အကြုံအရ သိရှိရပါသည်။

ထို့ကြောင့် လက်ရှိ ဆိုးဝါးနေသည့် နိုင်ငံ၏အခြေအနေအား ကယ်တင်နိုင်ရန်အတွက် KNU မှ သက်ဆိုင်သူများ အားလုံးအား အောက်ပါအတိုင်း တောင်းဆိုပါသည်။

၁။ စစ်အာဏာ သိမ်းယူပြီးနောက်ပိုင်းတွင် ဖမ်းဆီးထိမ်းသိမ်းထားသော နိုင်ငံရေးခေါင်းဆောင်များ အပါအဝင် ဖမ်းဆီးခံပုဂ္ဂိုလ်များအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

၂။ နိုင်ငံတဝှမ်းဖြန့်ကျက်ထားသည့် ရဲနှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များအား ၄င်းတို့၏ သက်ဆိုင်ရာ အခြေစိုက်စခန်းများသို့ ပြန်လည်ရုပ်သိမ်းရန်၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲကြောင်း ကြေငြာရန်နှင့် အဆိုပါတို့အား အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၃။ နိုင်ငံတကာထောက်ကူမှုပြုသည့် အရေးပေါ်လူသားခြင်းစာနာထောက်ထားမှုလုပ်ငန်းများလွတ်လပ်စွာ စတင်ဆောင်ရွက်ခြင်း၊ Covid – 19 ရောဂါ ကာကွယ်ကုသရေးနှင့် ကာကွယ်ဆေးထိုးသည့် လုပ်ငန်း များအပါအဝင် အခြားသော ဆေးဝါးကုသမှုလုပ်ငန်းဆိုင်ရာ ကန့်သတ်မှုများ အားလုံးကို ရုတ်သိမ်းရန်၊

၄။ အရပ်သားများအားကာကွယ်ပေးရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအားလုံးကို ရဲတပ်ဖွဲ့ဝင်များနှင့် စစ်ဘက် ဆိုင်ရာ တပ်ဖွဲ့ဝင်များက လိုက်နာရန်အမိန့်ထုတ်ပြန်ခြင်း၊ အရပ်သားများအပေါ် အကြမ်းဖက်ဆက်ဆံမှု ရပ်တံ့ရေးနှင့် ပတ်သက်သည်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာကြားဝင် စောင့်ကြည့်သည့် ပဋိပက္ခစောင့်ကြည့်ရေး လုပ်ငန်းစဥ်ထူထောင်ပြီး အကောင်အထည်ဖော်ခြင်း စတင် ရန်၊

၅။ တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းမှုကို ကယ်တင်သည့်အနေဖြင့် တပ်မတော်မှ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံထူထောင်ရေးကတိကဝတ်ပြုမှုကို တရားဝင်ကြေငြာချက်ထုတ်ပြန်ရန်နှင့် နိုင်ငံရေးတွင်ပါဝင်နေမှု မှ နှုတ်ထွက်ကြောင်း ကြေငြာရန်။

၆။ စစ်အာဏာပြုအုပ်ချုပ်မှုအား အဆုံးသတ်နိုင်ရေး အထောက်အပံ့ ဖြစ်စေမည့် ကမ္ဘာ့ကုလသမဂ္ဂ မဏ္ဍိုင် ပြု နိုင်ငံတကာ စေ့စပ်ညှိနှိုင်းပေးမှုလုပ်ငန်းစဥ်ကို သဘောတူလက်ခံခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ဘက်ပေါင်းစုံ မှ အဓိကကျသည့် ကိုယ်စားပြုများပါဝင်သည့် ညီညွတ်ရေးအစိုးရတစ်ရပ်ဖွဲ့စည်းပြီး အာဏာလွှဲပြောင်းကာ နှစ်ပေါင်း (၇၀) ကျော် ကြာမြင့်ခဲ့သည့် ပြည်တွင်း နိုင်ငံရေးပဋိပက္ခများ၏ အရင်းအမြစ်ပြဿနာများနှင့် အကြောင်းတရားများကို ညှိနှိုင်းဖြေရှင်းရေးအတွက် သဘောတူရန်။

မြန်မာနိုင်ငံ၏ဘာသာရေးနှင့်လူမျိုးရေးဆိုင်ရာ စုံလင်ကွဲပြားမှုနှင့် နက်ရှိုင်းစွာဖြင့် လွဲမှားစွာ တည်ဆောက်ခြင်း ခံရသော လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်အမျိုးမျိုးကို ဖက်ဒရယ်နိုင်ငံထူထောင်ပြီး ဒီမိုကရေစီ စနစ်ကျင့်စဥ်များလက်တွေ့ကျင်သုံးခြင်းဖြင့်သာ လက်တွေ့ ငြိမ်းချမ်းသောလူ့ဘောင်တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

**ဗဟိုအလုပ်မှုဆောင်ကော်မတီ**
**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

ဆက်သွယ်ရန် - (၁) ပဒိုစောကွယ်ထူးဝင်း **(+ ၉၅ ၉၄၂ ၂၁၉ ၁၉၄၁) (+ ၆၆ ၈၁၈ ၀၇၆၂၇၉)**
(၂) ပဒိုစောတာဒိုမူး **(+ ၉၅ ၉၇၉ ၅၈၈ ၇၀၈၅) (+ ၆၆ ၆၄၆ ၄၅၉ ၁၁၃)**